# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 1 , 2022 Volume 58, Number 1


**၁.၉.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၀၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၀၅.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၆၅.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၀.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၄၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၄၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## တတိယအကြိမ် “မြန်မာ(လားရှိုး)- တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့်ကုန်စည်ပြပွဲ” ကြိုတင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပပြုလုပ်



https://myantrade.gov.mm

တတိယအကြိမ် “မြန်မာ(လားရှိုး) – တရုတ် (လင်ချန်း)နယ်စပ် စီးပွားရေးနှင့်ကုန်စည်ပြပွဲ” ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၊ နေ့လည်(၂:၀၀) နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့၊ အစည်းအဝေးခန်းမတွင်ကျင်းပရာ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြားခဲ့ ပါသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးညွန့်အောင်က မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ များကို မြန်မာနိုင်ငံ၊ လားရှိုးမြို့နှင့် တရုတ်နိုင်ငံ၊ လင်ချန်းမြို့တို့တွင် နှစ်စဉ် အလှည့်ကျကျင်းပနိုင်ရေး လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီမှုစာချွန်လွှာ (Letter of Intent– LOI)အရ ပထမအကြိမ်နှင့်ဒုတိယအကြိမ်ပြပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုတတိယအကြိမ်ကျင်းပမည့် “မြန်မာ(လားရှိုး)- တရုတ်(လင်ချန်း)နယ်စပ်စီးပွားရေးနှင့်ကုန်စည်ပြပွဲ”ကို မြန်မာနိုင်ငံမှဦးဆောင်၍ Online ဖြင့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံရဲ့ အဓိက ကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီး မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးသည်လည်း နှစ်နိုင်ငံကုန်သွယ်မှု၏ အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးနှင့်ကုန်စည်ပြပွဲကို နှစ်စဉ်အလှည့်ကျ ကျင်းပပြုလုပ်ခြင်းကြောင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက် လာခြင်း၊ ဒေသခံကုန်သည်လုပ်ငန်းရှင်များကြားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိ စေခြင်း၊ ခရီးသွားလုပ်ငန်းနှင့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်မှ ကုန်စည်ပြပွဲ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ

ညွှန်ကြားရေးမှူးမှ Myanmar Online Expo Park တွင် ကုန်စည်ပြပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပါသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အသင်းအဖွဲ့ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

**Category:** International News

**Source :** https://myantrade.gov.mm/article/%E1%80%90%E1%80%90%E1%80%AD%E1%80

## တစ်လအတွင်း ဆန်၊ ဆီ၊ ကြက်သွန်ဈေးတွေ ဘယ်လောက်တက်သွားလဲ?

ပြီးခဲ့တဲ့ တစ်လအတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းတွေ သိသိသာသာကြီးကို တက်လာခဲ့ပါတယ်။ အဲ့ဒီလို တက်သွားတာတွေထဲမှာ ဆန်၊ ဆီနဲ့ ကြက်သွန်ဈေးနှုန်းတွေ ဘယ်လောက်ထိ တက်သွားလဲဆိုတာကို အောက်ပါဇယားမှာ နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ် –

| သီးနှံအမည် | ရေတွက်ပုံ | ဈေးကွက် | ၁.၈.၂၀၂၂ (ကျပ်) | ၁.၉.၂၀၂၂ (ကျပ်) |
|---|---|---|---|---|
| ဆန် (ဖျာပုံပေါ်ဆန်းမွှေး)(သ) | ၁.၅ တင်း | ဝါးတန်း | ၅၆၀၀၀ မှ ၆၀၀၀၀ | ၆၂၀၀၀ မှ ၆၅၀၀၀ |
| ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး) (သ) | ၁.၅ တင်း | ဝါးတန်း | ၅၅၀၀၀ မှ ၆၀၀၀၀ | ၆၀၀၀၀ မှ ၆၃၀၀၀ |
| ဆန်(မြောင်းမြပုသိမ်ပေါ်ဆန်းမွှေး)(သ) | ၁.၅ တင်း | ဝါးတန်း | ၅၈၀၀၀ မှ ၆၁၀၀၀ | ၅၉၀၀၀ မှ ၆၅၀၀၀ |
| ဆန်(ပေါ်ဆန်းနယ်စုံသစ်) (သ) | ၁.၅ တင်း | ဝါးတန်း | ၅၅၀၀၀ မှ ၅၇၀၀၀ | ၅၈၀၀၀ မှ ၆၁၀၀၀ |
| ဆန်(ဧည့်မထ)(သ) | ၁.၅ တင်း | ဝါးတန်း | ၃၂၀၀၀ မှ ၃၃၀၀၀ | ၃၉၀၀၀ မှ ၄၁၀၀၀ |
| ဆန်(ငစိန်)(သစ်) | ၁.၅ တင်း | ဝါးတန်း | ၃၃၀၀၀ မှ ၃၅၀၀၀ | ၃၇၀၀၀ မှ ၃၉၀၀၀ |
| ဆန်(မြီးဒုံး)(သစ်) | ၁.၅ တင်း | ဝါးတန်း | ၄၅၀၀၀ မှ ၄၆၀၀၀ | ၅၀၀၀၀ မှ ၅၃၀၀၀ |
| ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) | ၁.၅ တင်း | ဝါးတန်း | ၇၃၀၀၀ မှ ၈၇၀၀၀ | ၈၃၀၀၀ မှ ၉၁၀၀၀ |
| ဆန်(ဧည့်မထ ၂၅%)(သစ်) | ၁.၅ တင်း | ဝါးတန်း | ၃၀၅၀၀ မှ ၃၁၀၀၀ | ၃၃၀၀၀ မှ ၃၄၀၀၀ |
| ဆန်(ရက် ၉၀ သစ်ရှယ်) | ၁.၅ တင်း | ဝါးတန်း | ၃၈၅၀၀ မှ ၄၀၀၀၀ | ၄၅၀၀၀ မှ ၄၈၀၀၀ |
| ဆန်(သီးထပ်)(သ) | ၁.၅ တင်း | ဝါးတန်း | ၃၁၅၀၀ မှ ၃၃၀၀၀ | ၄၀၅၀၀ မှ ၄၂၀၀၀ |
| ကြားပျံရှယ်(သစ်) | ၁.၅ တင်း | ဝါးတန်း | ၅၈၀၀၀ မှ ၆၆၀၀၀ | ၆၃၀၀၀ မှ ၇၀၀၀၀ |
| ပေါ်ဆန်းရှယ်(သ) | ၁.၅ တင်း | ဝါးတန်း | ၅၆၀၀၀ မှ ၆၀၀၀၀ | ၆၀၅၀၀ မှ ၆၃၀၀၀ |
| တောင်ပျံ(ဖျာပုံ)(သစ်) | ၁.၅ တင်း | ဝါးတန်း | ၆၅၀၀၀ မှ ၆၇၀၀၀ | ၇၀၀၀၀ မှ ၇၂၀၀၀ |
| ပေါ်ကြွဲ(ဖျာပုံ)(သစ်) | ၁.၅ တင်း | ဝါးတန်း | ၄၃၀၀၀ မှ ၄၅၀၀၀ | ၅၃၀၀၀ မှ ၅၅၀၀၀ |
| တောင်ပျံ(မော်ကျွန်း)(သစ်) | ၁.၅ တင်း | ဝါးတန်း | ၆၀၀၀၀ မှ ၆၁၀၀၀ | ၆၈၀၀၀ မှ ၇၁၀၀၀ |
| ပေါ်ကြွဲ(မော်ကျွန်း)(သ) | ၁.၅ တင်း | ဝါးတန်း | ၄၂၀၀၀ မှ ၄၄၀၀၀ | ၅၀၀၀၀ မှ ၅၂၀၀၀ |
| ကြက်သွန်နီ (ဆိပ်ဖြူရှယ်)(သစ်) | ၁ ပိဿာ | ဘုရင့်နောင် | ၁၉၅၀ | ၃၂၅၀ |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) | ၁ ပိဿာ | ဘုရင့်နောင် | ၁၈၅၀ | ၃၂၅၀ |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) | ၁ ပိဿာ | ဘုရင့်နောင် | ၁၆၅၀ | ၃၁၀၀ |
| ကြက်သွန်နီ(ဆိပ်ဖြူလတ်ချော) | ၁ ပိဿာ | ဘုရင့်နောင် | ၁၃၅၀ | ၂၆၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်)(ရှယ်) | ၁ ပိဿာ | ဘုရင့်နောင် | ၃၃၀၀ မှ ၃၄၀၀ | ၅၀၀၀ |
| ကြက်သွန်ဖြူ(အောင်ပန်း ထူး ၂) | ၁ ပိဿာ | ဘုရင့်နောင် | ၂၁၀၀ | ၂၇၀၀ |
| ကြက်သွန်ဖြူ(အောင်ပန်း ထူး ၃) | ၁ ပိဿာ | ဘုရင့်နောင် | ၂၇၀၀ | ၃၂၀၀ |
| ကြက်သွန်ဖြူ(အောင်ပန်း ထူး ၄) | ၁ ပိဿာ | ဘုရင့်နောင် | ၃၃၀၀ | ၃၇၀၀ |
| ကြက်သွန်ဖြူ (အောင်ပန်း ထူး ၅) | ၁ ပိဿာ | ဘုရင့်နောင် | ၃၇၀၀ | ၄၂၀၀ |
| ပဲဆီ | ၁ ပိဿာ | မန္တလေး | ၉၀၀၀ မှ ၉၅၀၀ | ၁၃၅၀၀ မှ ၁၄၀၀၀ |
| နှမ်းဆီ | ၁ ပိဿာ | မန္တလေး | ၇၅၀၀ မှ ၈၀၀၀ | ၁၀၀၀၀ မှ ၁၁၀၀၀ |
| ပဲဆီ | ၁ ပိဿာ | ပြည် | ၁၀၀၀၀ | ၁၂၀၀၀ |
| နှမ်းဆီ | ၁ ပိဿာ | ပြည် | ၈၅၀၀မှ ၉၀၀၀ | ၁၁၀၀၀မှ ၁၂၀၀၀ |

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)

https://greenwaymyanmar.com/posts/rice_oil_onion_price_within_one_month

## ရေထွက်ကုန်ပစ္စည်းများ ဖြန့်ချိရောင်းချနေသည့် ရန်ကုန်မြို့က ငါးဈေးကြီး




ရန်ကုန်မြို့ လှိုင်မြို့နယ်အတွင်းရှိ ရွှေပိတောက်ငါးဈေးသည် ရေချို/ရေငံ ငါး ၊ ပုဇွန်အစရှိသည့် ရေထွက်ကုန်ပစ္စည်းများ ဖြန့်ချိရောင်းချနေသည့် ဈေးကြီးတစ်ခုဖြစ်ပြီး ငါးဒိုင်များ ၊ ကုန်သည်များ ၊ အရောင်းအဝယ်ပြုလုပ်သူများဖြင့် နေ့စဉ်ဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံသည် ဧပြီလတွင်စတင်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၏ ငါးလနီးပါးအတွင်း ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၄၆ သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၁၉ ရက်အထိ ရေထွက်ကုန်ပစ္စည်းများအားလုံးကို ပုဂ္ဂလိက ကဏ္ဍတစ်ခုတည်းမှ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များတွင် ဖော်ပြထားသည်။

**Source:** https://xinhuamyanmar.com/news/myanmar/environment-disasters-accidents/mm-220109008/

## နောင်တရားမြို့နယ်ထွက်အာလူးများ ဈေးကောင်းရရှိနေပြီး ရန်ကုန်မြို့အပါအဝင် နယ်စုံသို့ တင်ပို့လျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့နယ်မှထွက်ရှိသည့် အာလူးများဈေးကောင်းရရှိနေပြီး ရန်ကုန်မြို့အပါအဝင် နယ်စုံသို့တင်ပို့လျက်ရှိကြောင်း နောင်တရား အာလူးစိုက်တောင်သူအသင်းဥက္ကဋ္ဌ ဦးခွန်ဆန်းဦး၏ ပြောဆိုချက်အရ သိရသည်။

အာလူးဈေးကောင်းရရှိရာတွင် ကြော်အာလူးတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀နှင့် ရိုးရိုးအာလူးတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဈေးနှုန်းရှိကြောင်း သိရသည်။ ကြော်အာလူးတွေကို ကျောက်ပန်းတောင်းအကြော်ဖိုနဲ့ မန္တလေးအကြော်ဖိုတွေကို တင်ပို့ပါတယ်။ ရိုးရိုးအာလူးက ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်အပြင် တခြားမြို့တွေကိုလည်း တင်ပို့နေပါတယ်ဟု ဦးခွန်ဆန်းဦးက ပြောသည်။

လက်ရှိတွင် ရောင်းချနေသည့်အာလူးများမှာ မိုးကြိုအာလူးများဖြစ်ပြီး စိုက်ဧကလျော့နည်းခဲ့သဖြင့် အထွက်နှုန်းလျော့နည်းသောကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအားမမျှကြောင်းသိရသည်။ ဩဂုတ် ၃၀ ရက်က ရန်ကုန်ဈေးကွက်၌ တရုတ်အာလူးတစ်ပိဿာလျှင် ငွေကျပ်၁၉၅၀ မှ ၂၀၀၀ နှင့် ပြည်တွင်းမှထွက်ရှိသည့် အာလူးများမှာ တစ်ပိဿာလျှင်ငွေကျပ် ၁၄၀၀ မှ ၂၁၀၀ အထိဈေးနှုန်းရှိနေကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်များက အာလူးတစ်ပိဿာလျှင် ငွေကျပ် ၅၀၀ မှ ၈၀၀ ဝန်းကျင်အထိသာ ဈေးနှုန်းရရှိခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/29879

## မြန်မာ့ငါးရှဉ့်နှင့် ကဏန်းအရှင် တရုတ်သို့ တစ်ရက်လျှင် တန် ၂၀ ခန့်တင်ပို့နေ


https://www.myawady.net.mm/node/29909

ပြည်တွင်း၌ မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်မှုဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပသို့ရေထွက်ကုန်အချို့ တင်ပို့လျက်ရှိရာ တရုတ်နိုင်ငံမှ ငါးရှဉ့်နှင့်ကဏန်းအရှင် ဝယ်လိုအားရှိနေချိန်၌ ရန်ကုန်၊ မန္တလေးနှင့် မူဆယ်တို့ရှိ အရည်အသွေးစစ်ဆေးသော ဓာတ်ခွဲခန်းနှင့်ရေလုပ်ငန်းရုံးတို့မှ ပို့ကုန်အရည်အသွေးကိုစစ်ဆေး၍ တင်ပို့လျက်ရှိရာ တစ်ရက်လျှင် ငါးရှဉ့်နှင့်ကဏန်းအရှင် တန်၂၀ ခန့်တင်ပို့လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ငါးရှဉ့်နှင့် ကဏန်းအရှင်တို့ကို မူဆယ်နယ်စပ် ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့လျက်ရှိသည်။ ကနဦး ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်ရှိ ရေထွက်ကုန် အရည်အသွေး စစ်ဆေးသော ဓာတ်ခွဲခန်းနှင့် ရေလုပ်ငန်းရုံးတွင် စစ်ဆေးပြီးနောက် မန္တလေးမြို့

ငါးလုပ်ငန်းဦးစီးဌာန နတ်ရေကန်စခန်း၌ ရေထွက်ကုန်အရည်အသွေး ဓာတ်ခွဲစစ်ဆေးရေးစခန်းတွင်စစ်ဆေး၍ ပုဂ္ဂလိက ရေလုပ်ရုံသုံးရုံတွင် ငါးရှဉ့်၊ ကဏန်းကို ရေလုပ်ပြုပြင်ကာ မူဆယ်သို့ ဆက်လက်တင်ပို့လျက်ရှိသည်။

မန္တလေးမြို့ နတ်ရေကန်စခန်းတွင် အရည်အသွေးပြည့်မီသော ဓာတ်ခွဲခန်းကို ငါးလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်ထား ရှိပြီး ရေလုပ်ရုံအဟောင်းနေရာတွင် ရေလုပ်ရုံအသစ် ပြင်ဆင်တည်ဆောက်ခြင်း၊ ပုဂ္ဂလိကသို့ ငှားရမ်းခြင်း၊ ဌာနနှင့်ပုဂ္ဂလိက အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ရေထွက်ကုန် အရည်အသွေးကို ထိန်းချုပ်ခြင်းဖြင့် ပို့ကုန်များ ထိခိုက်ပျက်စီးမှု ကို လျော့ကျမှုဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြင့်ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ငါးရှဉ့်နှင့်ကဏန်းကို တစ်ရက်လျှင် တန် ၂၀ ခန့် တရားဝင် နယ်စပ်ကုန်သွယ်ရေးဂိတ်မှ တင်ပို့လျက်ရှိပြီး ရန်ကုန်မှ ပိဿာ ၁၀၀ တင်ပို့ပါက မူဆယ်တွင် ပိဿာ ၉၀ ခန့် တင်ကျန်သောကြောင့် ရေလုပ်ရုံကဏ္ဍမှာ အရေးပါလျက်ရှိရာ ငါးရှဉ့်၊ ကဏန်း ၄၀ ကီလို တစ်ဖာလျှင် ရေလုပ်ခဝန်ဆောင်မှု သင့်တင့်သောဈေးနှုန်းဖြင့် ငါးရှဉ့်၊ ကဏန်းကုန်သည်များ အဆင်ပြေချောမွေ့စေရန်၊ အရည်အသွေးမြင့်သော ငါးရှဉ့်၊ ကဏန်းသန့်စင်သော ရေလုပ်ရုံများထားရှိရန်၊ ငါးရှဉ့်၊ ကဏန်း ပို့ကုန်စီးဆင်းရာ၌ စဉ်ဆက်မပြတ် တင်ပို့မှုတွင် အရည်အသွေးထိန်းချုပ်မှုဖြင့် ပို့ကုန်တိုးမြှင့်နိုင်ရန်၊ ဝယ်လိုအားကောင်းသော ရေထွက်ကုန်အား နိုင်ငံတော်အခွန်ငွေရရှိစေမည့် တရားဝင်နည်းလမ်းများဖြင့် အရည်အသွေးအာမခံသောစနစ်ဖြင့် ခိုင်မာသော ဈေးကွက်ကို ထိန်းချုပ်တည်ဆောက်နိုင်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးရှဉ့်အသင်း၊ မြန်မာနိုင်ငံ ကဏန်းအသင်းနှင့် ရေလုပ်ရုံလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါလျက်ရှိသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ငါး၊ ပုစွန်နှင့် အေးခဲရေထွက်ကုန်များ ပို့ကုန်ကဏ္ဍ ယာယီရပ်နားထားပြီး ငါးရှဉ့်နှင့် ကဏန်းကိုတင်ပို့လျက်ရှိရာ မန္တလေးမြို့ နတ်ရေကန်စခန်းတွင် ရေလုပ်ရုံအသစ် ဖွင့်လှစ်ပြီးပါက ယခုထက် ရေထွက်ကုန် တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် တစ်ရက်လျှင် ငါးရှဉ့်၊ ကဏန်းတန်ချိန် ၂၀ ခန့်တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/29909

## ပြည်တွင်းဆန်ဈေး မြင့်မားမှုကို ထိန်းညှိဆောင်ရွက်ရန် အရန်ဆန်ထားမည်

ပြည်တွင်း ဆန်ဈေးမြင့်မားမှုကို ထိန်းညှိဆောင်ရွက်ရန်အတွက် အရန်ဆန်ထားရှိမည်ဖြစ်ကြောင်းသိရသည်။ လတ်တလော ပြည်တွင်း၌ နွေစပါးလက်ကျန်နည်းနေပြီး မိုးစပါးမပေါ်သေးသည့်ကာလဖြစ်သည့် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် ဆန်လက်ကျန်နည်းပါးနေသောကြောင့် အရန်ဆန်ထားရှိရန် သက်ဆိုင်ရာဌာနများသို့တင်ပြပြီး၊ ညှိနှိုင်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူးကပြောသည်။

ပြည်တွင်းဆန်ဈေးနှုန်း မမြင့်တက်စေရန်အတွက် ပြည်တွင်းစားသုံးမှုကို အရန်ဆန်နှင့် ထိန်းညှိသွားရန်ဖြစ်ကြောင်း လက်ရှိစပါးပေါက်ဈေးနှုန်းသည် တင်း ၁၀၀ ကို အနိမ့်ဆုံးငွေကျပ် ခုနှစ်သိန်းခွဲကနေ ကိုးသိန်းကျော်အထိ ပေါက်ဈေးရှိသော ကြောင့် ဆန်ဈေးနှုန်း ဆက်တိုက် မြင့်တက်နေကြောင်း သိရသည်။

အဆိုပါ ဆန်ဈေးနှုန်းများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေးအတွက် ပြည်ပတင်ပို့သည့် ဆန်တန်ချိန်၏ ၁၀ ရာခိုင်နှုန်းကို အရန်ဆန်အဖြစ် ထားရှိပြီး၊ ပြည်တွင်းဈေးကွက်၌ ဖြန့်ဖြူးရောင်းချသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ လစဉ်ဆန်တန်ချိန် နှစ်သိန်း တင်ပို့ရောင်းချလျက် ရှိပြီး ဆန်တန်ချိန် နှစ်သန်းထိ တင်ပို့ရောင်းချနိုင်ရန် လုပ်ဆောင်နေကြောင်း သိရသည်။

**Source: MDN**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4919-rice-will-be-kept-in-reserve-to-control-the-high-price-of-domestic-rice.html

## ကြံစိုက်တောင်သူများထံ ကြိုတင်ငွေချေးပြီး ပြန်ဝယ်မည်

သကြားထုတ်လုပ်သည့် စက်ရုံအသစ်များ များပြားလာခြင်းကြောင့် ကြံစိုက်ဧကကို တိုးချဲ့စိုက်ပျိုးရန်လိုအပ်ပြီး၊ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် သကြားထုတ်စက်ရုံများက ကြံစိုက်တောင်သူများအား ကြိုတင်ချေးငွေ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယခုနှစ်ဒီဇင်ဘာ ကြံရာသီကာလကစပြီး ကြံတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းမှ သုံးသိန်းအထိ ကြိုတင်ချေးငွေ ထုတ်ချေးပေးရန် စီစဉ်ထားကြောင်းသိရသည်။ “စစ်ကိုင်းတိုင်းဒေသကြီးမှာ သကြားစက်ရုံအသစ်တွေ တိုးချဲ့လာတာတွေရှိတဲ့အတွက် တောင်သူတွေအနေနဲ့ ကြံစိုက်ဧက တိုးချဲ့ဖို့လိုလာပါတယ်။ ဒါကြောင့်မို့ သကြားစက်ရုံတွေကနေ ကြံစိုက်တောင်သူတွေကို ကြိုတင်ချေးငွေတွေ၊ မြေသြဇာတွေထုတ်ပေးဖို့ စီစဉ်လာတာပါ” ဟု မြန်မာနိုင်ငံ ကြံ၊ သကြား လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူကပြောသည်။

မြန်မာနိုင်ငံတွင် ကြံစိုက်တောင်သူပေါင်း သုံးသိန်းကျော်ရှိပြီး၊ နှစ်စဉ်ပျမ်းမျှ ကြံစိုက်ဧကပေါင်း ၄ ဒသမ ၅သိန်းကျော် စိုက်ပျိုးလျက်ရှိကြောင်း၊ သကြားထုတ်လုပ်မှုသည် နှစ်စဉ်ပျမ်းမျှ တန်ချိန်ပေါင်း လေးသိန်းခွဲမှ ငါးသိန်းအထိရှိကြောင်း သိရသည်။ အထူးသဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းတွင် အဓိကစိုက်ပျိုးလျက်ရှိကြောင်း သကြားစက်ရုံသစ်များ ထပ်တိုးဖွင့်လှစ်ခြင်းကြောင့် ကြံလိုအပ်ချက်မြင့်လာမည်ဖြစ်သည်။

ယခုနှစ် ကြံရာသီ ဒီဇင်ဘာမှ လာမည့် ၂၀၂၃ ခုနှစ် ဧပြီအထိ စက်ရုံအရောက် ကြံတစ်တန်ကို ငွေကျပ် ၈၀၀၀၀နှုန်းဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြံ၊ သကြား လုပ်ငန်းရှင်များအသင်းက သိရသည်။

**Source: MND**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4922-they-will-borrow-money-in-advance-from-sugarcane-farmers-and-buy-it-back.html

## STOCK EXCHANGE (1.9.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +200 | +2.74% | 7,200 | 7,500 | 7,200 | 157 | 1,172,700 | 33,109,694 | 248,323 |
| MTSH | 00002 | 2,650 | +200 | +8.16% | 2,500 | 2,650 | 2,500 | 21,895 | 55,842,750 | 38,929,150 | 103,162 |
| MCB | 00003 | 7,100 | +300 | +4.41% | 7,100 | 7,100 | 7,100 | 1 | 7,100 | 10,400,986 | 73,848 |
| FPB | 00004 | 18,500 | +500 | +2.78% | 18,500 | 18,500 | 18,500 | 810 | 14,985,000 | 2,472,053 | 45,733 |
| TMH | 00005 | 2,350 | +50 | +2.17% | 2,350 | 2,350 | 2,350 | 524 | 1,231,400 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,400 | 2,450 | 2,400 | 519 | 1,251,550 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 1,946 | 9,535,400 | 10,497,598 | 51,438 |

## Market summary

As of 1st Sep. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 345.81 | +11.15 | +3.33% | 333.30 | 345.81 | 333.30 | 25,852 | 84,025,900 | 7 | 601,583 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 1st Sep. 2022

| MYANPIX | 345.81 ▲ 11.15 |
|---|---|
| Total Volume (shares) | 25,852 |
| Total Value (MMK) | 84 mil |
| Listed Company | 7 |
| Market Cap. (MMK) | 601,583 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 200 |
| MTSH | 00002 | 2,650 | ▲ 200 |
| MCB | 00003 | 7,100 | ▲ 300 |
| FPB | 00004 | 18,500 | ▲ 500 |
| TMH | 00005 | 2,350 | ▲ 50 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |